အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁ အမှတ် ၃၉

၃ ဩဂုတ် ၂၀၂၃

## ဩစတြေးလျ ကရင်အဖွဲ့ တည်ထောင်မှု ငွေရတုပွဲသို့ ဒုဝန်ကြီး တက်ရောက်

**ဇူလိုင် - ၂၂**

ဩစတြေးလျနိုင်ငံရောက် ကရင်တိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသည့် ဩစတြေးလျ ကရင် အဖွဲ့အစည်း တည်ထောင် မှု ၂၅ နှစ်ပြည့် ငွေရတု အခမ်းအနားအား ဗစ်တိုးရီးယားပြည်နယ်၊ မဲလ်ဘုန်းမြို့၊ ဝယ်ရီဘီးရပ်ကွက်၌ ဇူလိုင်လ ၂၂ ရက်က ကျင်းပခဲ့ရာ အမျိုးသားညီညွတ်ရေး အစိုးရ – NUG ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီး ခွန်းဗဟန်းထန် တက်ရောက်ခဲ့သည်။



ယင်းအခမ်းအနား၌ အဖွဲ့အစည်း တာဝန်ရှိသူများက တည်ထောင်ရခြင်း ရည်ရွယ်ချက်နှင့် ပတ်သက်၍ တက်ရောက်လာသူ များအား ရှင်းလင်းခဲ့ကာ ကရင်အမျိုးသားဝတ်စုံဝတ် လူငယ်များက ရိုးရာအကအလှများဖြင့် ဖျော်ဖြေခဲ့ကြသည်။

> **“ကိုယ်ဝန်ဆောင်မိခင်တွေ၊ ကလေးသူငယ်တွေရဲ့ အသက်ရှင်သန်နေထိုင်မှုအပေါ် အများကြီး သက်ရောက်မှုတွေ ရှိသွားနိုင်တယ်”**
>
> *ဦးအောင်ကျော်မိုး၊ ပြည်ထောင်စုဒုတိယဝန်ကြီး*




မိဘပြည်သူများခင်ဗျာ…

မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့တိုင်ကြားရာမှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

  စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှုရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့တိုင်ကြားနိုင်ပါတယ်။

## ဇူလိုင်လ ၁၆ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မှတ်တမ်းတင်နိုင်မှုအခြေအနေ



ဇူလိုင်လ ၁၆ ရက်နေ့မှ ၃၁ ရက်အတွင်း မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်ကြား၊ ငှက်ပျောတော၊ ဇီးကုန်းနှင့် ကရဝေးဆိပ်ရွာကျေးရွာ ဘက်သို့ အကြမ်းဖက်စစ်အုပ်စုလက်အောက်ခံ စစ်သားများနှင့် BGF ပူးပေါင်းတပ်ဖွဲ့တို့ စစ်ကြောင်းထိုးဝင်ရောက်ခဲ့ပြီး အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးကာ လူသားဒိုင်းအဖြစ် အသုံးချခဲ့သည့်ဖြစ်စဉ်၊ စစ်ကိုင်းတိုင်း ၊ ဘုတလင်မြို့နယ် ၊ ဗန္ဓုလရပ်ကွက်ရှိ နေအိမ်တစ်ခုပေါ်ကို အကြမ်းဖက်စစ်အုပ်စုက ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲသောကြောင့် သက်ကြီးရွယ်အိုတစ်ဦး သေဆုံးခဲ့ရပြီး မိသားစုဝင် ၅ ဦး ဒဏ်ရာ ရရှိခဲ့သည့်ဖြစ်စဉ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း ၊ ကွတ်ခိုင် - မူဆယ်လမ်းပိုင်း နမ့်ဖက်ကာ ဇီးဒဘာန်ရွာသို့ အကြမ်းဖက်စစ်အုပ်စုက ပစ်ခတ်လိုက်သည့် လက်နက်ကြီး ကျည် ကျရောက်ပေါက်ကွဲပြီး ကလေးတစ်ဦး သေဆုံးခဲ့ပြီး သေဆုံးသူ၏ ညီနှင့်မိခင်တို့ ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ နံ့ဇကျေးရွာအတွင်းသို့ စစ်ကြောင်းထိုးဝင်ရောက်စီးနင်းခဲ့ပြီး ပြည်သူ (၃)ဦးကို ဖမ်းဆီးကာ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်သည့်ဖြစ်စဉ်၊ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ကန်ပက်လက်မြို့နယ်၊ တင်းချောင်းအနီးတွင် အကြမ်းဖက်စစ်အုပ်စုမှ ထောင်ထားသည့် မိုင်းနင်းမိကာ ပြည်သူ ၁ ဦးသေဆုံးခဲ့သည့်ဖြစ်စဉ် စသည်တို့ အပါအဝင် တနိုင်ငံလုံးတွင် တရားလက်လွတ် သတ်ဖြတ်မှုပေါင်း (၄၅)မှု ခန့် မှတ်တမ်းပြုစုနိုင်ခဲ့သည်။

## ဇူလိုင်လ ၁၆ ရက်နေ့မှ ၃၁ ရက်နေ့ထိ အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုများ



ဇူလိုင်လ ၁၆ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်၊ သက်ပေးရွာထဲသို့ ရေဦးမြို့နယ်၊ တိုင်းရင်းဆေးရုံ၌ အခြေစိုက်သည့် အကြမ်းဖက်စစ်အုပ်စုမှ ၁၂၀ မမ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည့်အတွက် နေအိမ်တစ်အိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ရာ ကလေးတစ်ဦးသေဆုံးပြီး မိသားစုဝင် (၅)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြပြီး နေအိမ်လည်းပျက်စီးခဲ့ခြင်း၊ မြင်းမူမြို့နယ်၊ မူးမန္တလေးရွာသို့ အကြမ်းဖက်စစ်အုပ်စုမှ အကြမ်းဖက်စီးနင်းဝင်မွှေ လုယက်မီးရှို့ခဲ့ရာ အိမ်ခြေ (၈၀)ကျော် မီးလောင်ပြာကျခဲ့ပြီး အနီးဝန်းကျင်ကျေးရွာများသို့ လက်နက်ကြီးဖြင့်လည်း ရမ်းသန်းပစ်ခတ်ခဲ့သောကြောင့် လည်ကျေးရွာရှိ ကလေးငယ်တစ်ဦးနှင့် အဖွားအိုတစ်ဦးအပါအဝင်ပြည်သူ (၄)ဦးဒဏ်ရာရရှိပြီး အနီးဝန်းကျင်ရှိကျေးရွာပေါင်း ၂၀ ကျော်မှ ဒေသခံပြည်သူ ထောင်ချီ ထွက်ပြေးတိမ်းရှောင်နေကြရခြင်း၊ ဝက်လက်မြို့နယ်၊ နှမ်းကြီးကုန်းကျေးရွာအနီးတွင်တည်ရှိသော စစ်ဘေးရှောင်ပြည်သူများ၏ ဆိုင်ကယ်များအား အရာတော်မြို့နယ်၊ သလဲဘာ(ပျူ)ရွာမှ ထွက်လာသော အကြမ်းဖက်စစ်အုပ်စု အင်အား (၇၀)မှ မီးရှို့ခဲ့ခြင်း၊ ကလေးဝမြို့နယ်၊ ဆင်အိုင်မနှင့် ကတို့ရွာသို့ အကြမ်းဖက်စစ်အုပ်စု လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အပြင် နေအိမ်များအား လုယက်မီးရှို့ဖျက်ဆီးခဲ့ခြင်းတို့အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှု (၅၃)ခု မှတ်တမ်းရရှိခဲ့ပြီး တနိုင်ငံလုံးတွင် လူ့အခွင့်အရေး ချိုးဖောက်ခံရမှု အများဆုံးဖြစ်သည်။

## ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နဲ့ ကိုအောင်သူရဇော်တို့ မတရားကြိုးပေးကွပ်မျက်ခံခဲ့ရခြင်း တစ်နှစ်ပြည့် သန္နိဋ္ဌာန်

ဇူလိုင်- ၂၃

- ဒီနေ့ဟာဆိုရင် ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နဲ့ ကိုအောင်သူရဇော်တို့ကို အကြမ်းဖက်စစ်အုပ်စု ကနေ မတရားသတ်ဖြတ်ခဲ့တဲ့ တစ်နှစ်ပြည့်နေ့ ဖြစ်ပါတယ်။
- သူတို့ဟာ ရာဇဝတ်သားတွေမဟုတ်ပါဘူး။
- သူတို့ဟာ ဒီမိုကရေစီအရေးမှာ တက်တက်ကြွကြွပါဝင်ပြီးတော့ အကြမ်းဖက်စစ်အုပ်စုရဲ့ မတရားဖမ်းဆီးမှု၊ နှိပ်စက်မှုနဲ့ အခုလို မတရားသတ်ဖြတ်မှုကို ခံခဲ့ရတဲ့ သူရဲကောင်းတွေဖြစ်ပါတယ်။
- ဒီသူရဲကောင်းတွေကို သတ်ဖြတ်ခြင်းကြောင့် ကျန်တဲ့သူတွေ တွေဝေသွားဖို့အတွက် ဒီမိုကရေစီသူရဲကောင်း တွေကို အကြမ်းဖက်ပြီး နှိပ်စက်လိုတဲ့စိတ်နဲ့ သူတို့တွေကြွေလွင့်ခဲ့ရပေမယ့် သူတို့တွေပေးဆပ်တိုက်ပွဲဝင်ခဲ့တဲ့ အကြောင်းအရာတွေကို ကျွန်တော်တို့ မေ့လို့မရပါဘူး။ အမြဲတမ်း ဂုဏ်ပြုဖို့ လိုအပ်ပါတယ်။ သူတို့ကို လွမ်းဆွတ် တမ်းတနေရုံတင်မကဘဲ သူတို့ဖောက်ခဲ့တဲ့လမ်း အဆုံးထိ ဆက်လျှောက်ဖို့၊ သူတို့ယုံကြည်တဲ့တိုက်ပွဲကို ကျွန်တော်တို့ ဆက်လက်ပါဝင် တိုက်ခိုက်ဖို့ အထူးအရေးကြီးပါတယ်။ သူတို့အတွက် လေးစားဂုဏ်ယူသလို ဒီလိုမျိုးတော်လှန်ရေးမှာ ပေးဆပ်ခဲ့တဲ့သူတွေကို လေးစားသောအားဖြင့် ဆက်လက်ပြီးတိုက်ပွဲဝင်ကြပါလို့ အလေးအနက်တိုက်တွန်းလိုပါတယ်။ - **ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီး ဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ - NUG)**

# “နိုင်ငံတကာလူ့အခွင့်အရေးဥပဒေတွေ...လူသားချင်းစာနာမှုဥပဒေတွေ အားလုံးကို ချိုးဖောက်နေတဲ့ အရမ်းကို ဆိုးဝါးတဲ့ အဆင့်တွေ ဖြစ်နေတယ်”

ဇူလိုင် - ၂၀



“ကျွန်တော်တို့ရဲ့ ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးစုံစမ်းစစ်ဆေးရေးအရာရှိ တွမ်အင်ဒရူး ကတော့ သူ့ရဲ့ ထုံးစံအတိုင်းပဲ မြန်မာနိုင်ငံမှာ ဖြစ်ပျက် နေတဲ့ လူ့အခွင့်အရေးကိစ္စတွေ ပြောင်ပြောင်တင်းတင်း၊ ပွင့်ပွင့်လင်းလင်း၊ ပြင်းပြင်းထန်ထန် ထပ်မံပြီးတော့ တင်ပြလိုက်တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ ဆက်လက်ပြီးတော့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ရှိနေတယ်။ ဒီဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေက သာမန်လူ့အခွင့်အရေး ချိုးဖောက်မှုတွေတင် မကဘဲနဲ့ နိုင်ငံတကာ လူ့အခွင့်အ ရေးဥပဒေတွေ၊ နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေတွေအားလုံးကို ချိုးဖောက် နေတဲ့ အရမ်းကို ဆိုးဝါးတဲ့ အဆင့်တွေ ဖြစ်နေတယ်။ အကြမ်းဖက်စစ်ကောင်စီ၊ စစ်အုပ်စု၊ ဒါနဲ့ပတ်သက် ပြီးတော့ နိုင်ငံတကာ အရေးယူဆောင်ရွက်မှုတွေ မဖြစ် မနေ ခံယူဖို့ လိုအပ်နေပြီ။ ဒီလိုမျိုး လုပ်ဆောင်နေတဲ့ ကာလအတွင်းမှာ ဖြစ်ပျက်နေတဲ့ စစ်ရာဇဝတ်မှုတွေ၊ တခြားသော ရာဇဝတ်မှုတွေ ရပ်တန့်ဖို့ အတွက် အကြမ်းဖက်စစ်အုပ်စုကို အရေးယူဆောင်ရွက်ဖို့ အတွက် တွန်းတွန်းတိုက်တိုက်နဲ့ ပြောဆိုသွားတာ ရှိပါတယ်။ မြန်မာနိုင်ငံ ပြည်သူတွေရဲ့ မဆုတ်မနစ်နဲ့ တိုက်ပွဲဝင် နေတဲ့ အကြောင်းအရာကို ချီးကျူးထားတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေက ဒီအတိုင်း ဆက်လက် သွားမယ်ဆိုရင် တကယ့်ကို အကြမ်းဖက်စစ်အုပ်စု ပြောနေကျ ပုံစံအတိုင်း ချောက်ထဲကို ပြုတ်ကျမယ့် အခြေအနေ၊ ပြည်သူလူထုအနေနဲ့ အရမ်းကို ဆိုးဝါးတဲ့ အခြေအနေကို ရောက်ရှိနေပြီ။ ဘာကို ထောက်ပြလဲ ဆိုတော့ တစ်ပြည်လုံးမှာ ဖြစ်နေတဲ့ လူ့အခွင့်အရေး အခြေအနေ၊ ချိုးဖောက်မှုတွေ မကဘဲနဲ့ အကြမ်းဖက် စစ်ကောင်စီက ဒီလိုမျိုးပုံစံတွေကို စနစ်တကျနဲ့ ကျူးလွန်နေတယ်ဆိုတဲ့ အချက်တွေကို ပြင်းပြင်းထန်ထန် ထောက်ပြသွားတယ်။ နိုင်ငံတကာရဲ့ နှေးကွေး လေးလံနေတဲ့ လုပ်ဆောင် ချက်တွေကို အမြန်ဆုံး လုပ်ဆောင်ပါဆိုပြီးတော့ တွန်းတွန်းတိုက်တိုက် ပြောဆို သွားတာကို တွေ့နိုင်ပါတယ်”

**- ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေး အစိုးရ) (ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးစီရင်ခံစာမှာ မြန်မာစစ်တပ်နဲ့ပတ်သက်ပြီး ဘာတွေ ပြောထားလဲ | Human Rights Barometer - Episode 18 ကောက်နုတ်ချက်) (ယင်းအစီအစဉ်အား ဝန်ကြီးဌာနနှင့် မဇ္ဈိမ သတင်းဌာနတို့ ပူးပေါင်းကာ နှစ်ပတ်တစ်ကြိမ် ထုတ်လွှင့် နေခြင်း ဖြစ်သည်။)**

# နိုင်ငံရေးအကျဉ်းသားများ မတရားသဖြင့် သတ်ဖြတ်ခံရခြင်း

**ဇူလိုင် - ၂၇**

“အာဏာရှင်စနစ် အဆက်ဆက်မှာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးလှုပ်ရှားတဲ့သူတွေကို ဖိနှိပ်မှု၊ ဖမ်းဆီးမှုတွေ ဖြစ်ခဲ့ပါတယ်။ ဒါတွေကြောင့်မို့ နိုင်ငံရေးအကျဉ်းသားဆိုတာ အာဏာရှင်ကိုဆန့်ကျင်ခဲ့တဲ့ ကျွန်တော်တို့ တိုင်းပြည်အတွင်းမှာ အမြဲတမ်း ရှိခဲ့တဲ့အရာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားတွေရှိခြင်းက နိုင်ငံရေးလွတ်လပ်မှုတွေ မရှိသေးဘူး၊ ဖိနှိပ်မှုတွေရှိတယ်ဆိုတဲ့ သက်သေ ဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာ ဖမ်းဆီးဖိနှိပ်မှုတွေမကဘဲနဲ့ နိုင်ငံရေး အကျဉ်းသားတွေကို အကျဉ်းထောင် ပြောင်းမယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ထောင်ပြင်ပကို ခေါ်ထုတ်ပြီး လမ်းမှာ ထွက်ပြေးပါတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ သတ်ဖြတ်မှုတွေဖြစ်ပွားနေတာ တွေ့ရပါတယ်။ ဒါတွေကို ရှုတ်ချပါတယ်။ ကျူးလွန်ခံရသူတွေအတွက် တရားမျှတမှု ဖော်ဆောင်ရမှာဖြစ်ပါတယ်။ အမိန့်ပေးတဲ့ စစ်တပ်တင်မကဘဲ ပါဝင်ပတ်သက်နေတဲ့ ဝန်ထမ်းတွေလည်း ဒီကျူးလွန်မှုတွေရဲ့အကျိုးဆက်ကို ခံစားရမှာဖြစ်ပါတယ်။ ဆက်လက်ပြီး ဒီလိုမဖြစ်အောင် တားဆီးဖို့အတွက် အားလုံးမှာ တာဝန်ရှိပါတယ်။ တရားမျှတမှုရဖို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားပါမယ်”

**- ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ – NUG)**

# “ကိုယ်ဝန်ဆောင်မိခင်တွေ၊ ကလေးသူငယ်တွေရဲ့ အသက်ရှင်သန်နေထိုင်မှုအပေါ် အများကြီး သက်ရောက်မှုတွေ ရှိသွားနိုင်တယ်”

**ဇူလိုင် - ၃၁**

“ရိုဟင်ဂျာဒုက္ခသည်တွေအတွက် လုံလောက်တဲ့ အလှူရှင်တွေ မရှိတာကြောင့် အကူအညီ ပေးရာမှာ လျှော့ချတာတွေ ဖြစ်လာမယ်ဆိုရင် အစာအာဟာရ ချို့တဲ့တာတွေ ဖြစ်လာနိုင်တယ်။ "အလုပ်အကိုင် အခွင့်အလမ်း မရှိတာ ရယ်၊ ရိက္ခာဖြတ်တောက်လိုက်တာကြောင့် အစာအာဟာရ ချို့တဲ့မှုပေါ့။ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်တွေ၊ ကလေး သူငယ်တွေရဲ့ အသက်ရှင်သန် နေထိုင်မှုအပေါ် အများကြီး သက်ရောက်မှုတွေ ရှိသွားနိုင်တယ်၊ ဒါ့အပြင် မလိုလားအပ်တဲ့ ရာဇဝတ်မှုတွေ မဖြစ်သင့်တဲ့ ရာဇဝတ်မှုတွေ တိုးလာနိုင်တယ်။ စားဝတ်နေရေး မလောက်ဘူးဆိုရင် ထွက်ပေါက်အနေနဲ့ တခြားနိုင်ငံတွေကို နည်းလမ်းပေါင်းစုံနဲ့ သွားလာဖို့ လုပ်နေတာတွေ တစ်ရက်ထက် တစ်ရက် ပိုများလာတာ တွေ့နေရတယ်”



**- ဦးအောင်ကျော်မိုး (ပြည်ထောင်စုဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ – NUG )**

# “အရပ်သားတွေ၊ စစ်သုံ့ပန်းတွေအပေါ်မှာ ရည်ရွယ်ချက်ရှိရှိနဲ့ ကျူးလွန်တဲ့အမှုမျိုးကို ဆိုလိုပါတယ်”

“စစ်ပွဲဆိုင်ရာ ရာဇဝတ်မှု -War Crime လို့ ပြောလိုက်ကတည်းက ပထမဦးဆုံး စကားလုံးက စစ်ပွဲဆိုတဲ့ အဓိပ္ပာယ်ကို ဖော် ဆောင်ထားပါတယ်။ အဲဒီတော့ ဘယ်ကာလမှာ ကျူးလွန်တဲ့အရာမျိုး ဖြစ်ရမလဲဆိုတော့ စစ်ပွဲသို့မဟုတ် လက်နက်ကိုင် ပဋိပက္ခ အခြေအနေအတွင်းမှာ ကျူးလွန်တဲ့ဟာ ဖြစ်ရပါမယ်။ ဒါဆိုလို့ရှိရင် နောက်ထပ်စကားလုံးဖြစ်တဲ့ “Crime” ။ Crime ဆိုတာကကော ဘာလဲဆိုတော့ Crime ဆိုတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီလိုမျိုး ကျူးလွန်တဲ့ တပ်ဖွဲ့က စစ်ရေးဗျူဟာတစ်ရပ်အနေနဲ့၊ စီမံကိန်းတစ်ရပ်အနေနဲ့ ရည်ရွယ်ပြီးတော့ လုပ်ဆောင်ပြီးတော့ ကျူးလွန်ခံရတဲ့သူတွေကလည်း အရပ်သားတွေ၊ သို့မဟုတ် လက်နက်ချပြီးတော့ ပူးပေါင်းလာတဲ့ သုံ့ပန်းတွေ၊ စစ်ပွဲအတွင်းမှာ ဖမ်းဆီးခံရတဲ့ သူတွေ၊ သူတို့အပေါ်မှာ ကျူးလွန်တဲ့အမှုမျိုးကို ဆိုလိုတာပါ။ ဒီဟာနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတကာ သတ်မှတ်ချက်ကို ပြောမယ်ဆိုရင် ပြည်တွင်းစစ်ဖြစ်စေ၊ နိုင်ငံတကာစစ်ပွဲမှာပဲ ဖြစ်ပါစေ လက်နက် ကိုင်ပဋိပက္ခအတွင်းမှာ စီမံကိန်းတစ်ခု သို့မဟုတ် မူဝါဒတစ်ခုအဖြစ် ကျူးလွန်တာတွေ၊ ဒါမှမဟုတ်လို့ရှိရင် ဒီပြစ်မှုမျိုးကို ကျယ်ကျယ်ပြန့်ပြန့်၊ ဆိုးဆိုးဝါးဝါး အခြေအနေအထိ ကျူးလွန်တာကိုလည်း ဆိုလိုပါတယ်။ ဒီလိုကျူးလွန်မှုက အရပ်သားတွေ၊ စစ်သုံ့ပန်းတွေအပေါ်မှာ ရည်ရွယ်ချက်ရှိရှိနဲ့ ကျူးလွန်တဲ့အမှုမျိုးကို ဆိုလိုပါတယ်။ ဒီနေမှာ တချို့သူတွေက စစ်ပွဲအတွင်းမှာ တစ်ဖက်နဲ့တစ်ဖက် မတိုက်ရဘူးလား၊ တိုက်ခိုက်မှုတွေ မရှိရဘူးလားလို့ ယူဆပါတယ်။ စစ်ပွဲအတွင်းမှာ ပါဝင်ပတ်သက်နေတဲ့ တပ်ဖွဲ့တွေကြားမှာ စစ်ရေးဗျူဟာအရ၊ စစ်ရေးအရ တိုက်ခိုက်မှုတွေ ရှိပါလိမ့်မယ်။ စစ်ရေးနဲ့ သက်ဆိုင်တဲ့ ပစ်မှတ်တွေကို တိုက်ခိုက်မှုတွေ ရှိပါတယ်။ ဒါက စစ်ဆိုတာ ဖြစ်လို့ ရတယ်။ ဒါမျိုးတွေ ဖြစ်တတ်တာ။ ဖြစ်ကို ဖြစ်မှာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီလို တိုက်ခိုက်မှုတွေ ဖြစ်တဲ့ အခါမှာ အရပ်သားတွေ၊ နောက်ပြီး လက်နက်မကိုင်နိုင်တော့တဲ့ သုံ့ပန်းတွေ၊ လက်နက်ချလာတဲ့သူတွေ အပေါ်မှာ ခုနတုန်းကပြော တဲ့ ရာဇဝတ်မှု၊ ဒါတွေကို မကျူးလွန်ရဖို့ပဲ တိုက်တွန်းထားတာ ဖြစ်တဲ့အကြောင်း ရှင်းပြလိုပါတယ်”

**- ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ)**

# “နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ အချိန်မနှောင်းမီ အကူအညီများပေးဖို့ လိုအပ်ပါတယ်”

**ဇူလိုင် - ၂၈**

“နိုင်ငံတကာ လူသားချင်းစာနာမှု အကူအညီပေါ် မှီခိုရှင်သန်နေကြရတဲ့ ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းက ရိုဟင်ဂျာများ လူတစ်ဦးကို ရိက္ခာဖိုး တစ်လကို ၈ ဒေါ်လာ အထိ လျှော့ချခံရပြီးနောက် ဒုက္ခသည်တစ်ဦးတစ်လအတွက် ရရှိတဲ့ ရိက္ခာဖြစ်ပါတယ်။ ရိက္ခာဖြတ်တောက်ခြင်းရဲ့ အကျိုးဆက်များအနေနဲ့ ဒုက္ခသည်များက အာဟာရချို့တဲ့မှု၊ ငတ်မွတ်ခေါင်းပါးမှုတို့ ကဲ့သို့ဆိုးရွားစွာ ကြုံလာနိုင်ခြေရှိပါတယ်။ နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ အချိန် မနှောင်းမီ အကူအညီများပေးဖို့ လိုအပ်ပါတယ်”

- The consequences of ration cuts for Rohingya refugees will be devastating such as malnutrition, hunger, and starvation. We urge the int’l community to act before it is too late”

**- ဦးအောင်ကျော်မိုး (ပြည်ထောင်စုဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ – NUG )**

# ဝါရှင်တန်တွင် ပြုလုပ်သည့် အာဇာနည်နေ့နှင့် လူထုတွေ့ဆုံပွဲ၌ ပြည်ထောင်စု ဒုတိယဝန်ကြီး ပါဝင်

ဇူလိုင် - ၁၉

နိုင်ငံ့ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့် ၇၆ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားနှင့် လူထုတွေ့ဆုံပွဲအား အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့၌ ဇူလိုင်လ ၁၉ ရက်က ပြုလုပ်ခဲ့ရာ အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးအောင်ကျော်မိုး တက်ရောက်ပါဝင်ခဲ့သည်။

အာဇာနည်နေ့မှာ အာဇာနည်ခေါင်းဆောင်များ၏ အမျှော်အမြင်ကြီးသည့် ခေါင်းဆောင်မှုထဲမှာ လွတ်လပ်ရေးရယူရန်နှင့် တိုင်းပြည် တည်ဆောက်ရေး၌ မတူကွဲပြားခြင်းနှင့် အားလုံးပါဝင်မှုကို အလေးထားခဲ့သည်ကို တွေ့ရှိရကြောင်း၊ နွေဦးတော်လှန်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးမှာလည်းပဲ အာဇာနည်ခေါင်းဆောင်ကြီးများ ထားခဲ့သည့် အစဉ်အလာကို ထိန်းသိမ်းနိုင်မှသာ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ဒီမိုကရေစီစနစ် တည်ဆောက်နိုင်မည် ဖြစ်ကြောင်း၊ ယင်းအပြင် စစ်အာဏာရှင်များက ပြည်သူများအပေါ် နေ့စဉ်နှင့်အမျှ ကျူးလွန်လျက်ရှိသည့် ရက်စက်ပြီး လူမဆန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းကာ အချိန်နှင့် တပြေးညီ မှတ်တမ်းတင်၍ နိုင်ငံတကာတရားစီရင်မှုစနစ်အောက်မှ အမိန့်ပေးသူ၊ စေခိုင်းသူ၊ ဆောင်ရွက်သူအဆင့်ဆင့် ထိုက်တန်စွာ အပြစ်ပေးအရေးယူဖို့ ဆောင်နေကြောင်း စသည့် အချက်များ ဒုဝန်ကြီးက အခမ်းအ နား၌ ဆွေးနွေးတင်ပြခဲ့သည်။

အဆိုပါ အခမ်းအနားသို့ အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးနှင့်ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဇော်ဝေစိုး ၊ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထင်လင်းအောင် ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယပြည်ထောင်စုဝန်ကြီး ဦးမိုးဇော်ဦး တို့လည်း တက်ရောက်ခဲ့သည်။

နိုင်ငံအတွင်း ဆင်နွှဲနေသည့် မြန်မာ့နွေဦးတော်လှန်ရေးမှာ နိုင်ငံတကာ၏ ကူညီပံ့ပိုးမှု အားနည်းနေသည့်ကြားမှပင် မြန်မာ ပြည်သူများ၏ တခဲနက် ပါဝင်နေမှုကြောင့် ယခုအခါ ရက်ပေါင်း ၉၀၀ ကျော်လာသည်အထိ အရှိန်အဟုန်မပျက် ခရီးဆက်နေနိုင်ခြင်း ဖြစ်ကြောင်းနှင့် တော်လှန်ရေး အဆုံးသတ်တိုက်ပွဲအတွက် ဆက်လက်၍ အင်တိုက်အားတိုက် ပါဝင်ကူညီကြရန်လည်း တက်ရောက်လာ သူများအား ဒုဝန်ကြီး ဦးအောင်ကျော်မိုးက မေတ္တာရပ်ခံခဲ့သည်။

# ရိုဟင်ဂျာဆိုင်ရာ အစိုးရ မူဝါဒအား လူထုတွေ့ဆုံပွဲ၌ ရှင်းလင်း

ဇူလိုင် - ၂၃

အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၏ ရိုဟင်ဂျာဆိုင်ရာ မူဝါဒ၊ ရပ်တည် ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံ၊ တက္ကဆက်ပြည်နယ်၊ Houston မြို့၌ ဇူလိုင်လ ၂၃ ရက်က ပြုလုပ်သည့် လူထုတွေ့ဆုံပွဲ၌ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီး ဦးအောင်ကျော်မိုးက ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ လူထုတွေ့ဆုံပွဲသို့ ရိုဟင်ဂျာလူမျိုးစုများနှင့် မြန်မာမွတ်စလင်လူမှုအသိုင်းအဝိုင်းမှ ပြည်သူများ တက်ရောက်ခဲ့ကာ NUG ၏ ရိုဟင်ဂျာဆိုင်ရာ မူဝါဒအပြင် ၁၉၈၂ နိုင်ငံသားဖြစ်မှုဥပဒေ ဖျက်သိမ်းရေး ပြင်ဆင်ဆောင်ရွက်မှု၊ တရားမျှတမှု ဖော်ဆောင် ရေးလုပ်ငန်းစဉ်များ၌ NUG ရပ်တည်ချက်နှင့် ဆောင်ရွက်မှုတို့အပြင် ဝန်ကြီးဌာန၏

လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား လူထုထံ အစီရင်ခံ တင်ပြဆွေးနွေးခဲ့သည်။

ယင်းလူထုတွေ့ဆုံပွဲသို့ အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့မှ ဒေါက်တာ ဝင်းမြတ်အေး (ပြည်ထောင်စုဝန်ကြီး၊ လူသားချင်းစာနာ ထောက်ထားရေးနှင့် ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲရေး)၊ ဦးမိုးဇော်ဦး (ဒုဝန်ကြီး၊ နိုင်ငံခြားရေး)၊ ဦးကျော်ဇော် (အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ) တို့လည်း တက်ရောက်ခဲ့သည်။

လူ့အခွင့်အရေးဆိုင်ရာ ဒုဝန်ကြီးက တွေ့ဆုံမှုအတွင်း စစ်အာဏာရှင်ဆန့်ကျင်ရေး နွေဦးတော်လှန်ရေး၌ ရိုဟင်ဂျာ နှင့် လူနည်းစု မြန်မာမွတ်စလင်များ၏ ပူးပေါင်းပါဝင် ပံ့ပိုး ကူညီမှုများမှာ ကျေးဇူးတင်ထိုက်ကြောင်း၊ မိမိတို့ လိုချင်သည့် စစ်မှန်ပြည့်ဝသော လူ့အခွင့်အရေးဖြင့် အခြေတည်သည့် ဒီမိုကရေစီစနစ် ရရှိနိုင်ရေးအတွက် ဆက်လက် အင်တိုက် အားတိုက် ပါဝင်ရေးမှာ အရေးကြီးကြောင်းလည်း တိုက်တွန်း ပြောဆိုခဲ့သည်။



# “အော်ဟစ်ညည်းညူတာတွေက ခပ်လှမ်းလှမ်းရွာကနေ ကြားရတယ်”

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ နံ့ဇကျေးရွာအား အကြမ်းဖက်စစ်ကောင်စီ ပူးပေါင်း တပ်များက ဇူလိုင်လ ၂၀ ရက်က နံနက် ၅ နာရီခန့်တွင် ရွာအတွင်း စီးနင်းဝင်ရောက် မီးရှို့ပြီးနောက် ဒေသခံ အမျိုးသားနှစ်ဦးအား ဖမ်းဆီးကာ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့သည်။

အဆိုပါ စစ်ကြောင်းမှာ ပိန်းဇလုပ်အထိုင် ၂၆၄ တပ်ရင်း၊ စစ်ဝတ်စုံ ဝတ်ထားသည့် ရဲတပ်ဖွဲ့ဝင်များပါဝင်ကာ ကျေးရွာ အား ဝင်ရောက်စီးနင်းခြင်းမပြုခင် ရွာအတွင်းရှိ ပြည်သူများ အား ပစ်မှတ်ထား၍ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။

ကျေးရွာအတွင်း စီးနင်းမီးရှို့စဉ် ဒေသခံများ ဖြစ်သည့် စောသိုက်ပူ၊ စောကီးလူးနှင့် စောအောင်ဝင်းကြိုင်တို့ သုံးဦးအား စစ်ကောင်စီ ပူးပေါင်းတပ်က ဖမ်းဆီးမိသွားခြင်းဖြစ်ကာ စောအောင်ဝင်းကြိုင်မှာ ပြန်လည်ထွက်ပြေး လွတ်မြောက်သွား သော်လည်း ကျန်နှစ်ဦးမှာမူ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခံ ခဲ့ရသည်။ သတ်ဖြတ်ခံရသူ နှစ်ဦးအနက် စောကီးလူးမှာ စိတ်ဝေဒနာ ခံစားနေရသူ ဖြစ်သည်။ နံ့ဇကျေးရွာမှာ အိမ်ခြေ ၂၀၀ ခန့်ရှိ ကျေးရွာကြီးဖြစ်ကာ မီးရှို့ဖျက်ဆီးခံရမှုကြောင့် မည်မျှပျက်စီး ခဲ့သည်ကိုမူ စာရင်းကောက်ယူနေဆဲ ဖြစ်သည်။ ထို့ပြင် နံ့ဇကျေးရွာအနီးရှိ အိမ်ခြေ ၃၀၀ ရှိ တနိုင်းခင်၊ အိမ်ခြေ ၁၀၀ ရှိ ချောင်းဝနှင့် အိမ်ခြေ ၈၀ ရှိ ဖိုးတကျေးရွာများမှာ ဒေသခံ အပြစ်မဲ့ပြည်သူများမှာလည်း ရွာလုံးကျွတ် စစ်ရှောင်နေကြ ရသည်။

“၂၀ ရက်နေ့မနက်ပိုင်းမှာ မီးရှို့ဖို့ ၁၉ ရက်နေ့ညထဲက တောရ ကျောင်းအပေါက်ဝမှာ သူတို့အင်အားတွေ အများကြီးစုနေပြီ။ လက်နက်ကြီးတွေရော၊ လက်နက်ကြီးတွေနဲ့ စခတွေအင်အား ၂၀၀ လောက်ရောက်နေပြီ ဆိုတာတော့သိတယ်။ ဒါပေမဲ့ အဲဒီလိုမျိုး မနက်စောစောစီးစီး ပြည်သူတွေ နေနေတဲ့ရွာကို မီးရှို့မယ်လို့တော့ မထင်ဘူးလေ။ မနက် ၅နာရီလောက်မှ အဲ့ဒီတောရကျောင်း လမ်းကနေ နံ့ဇရွာကိုချီတက်သွားပြီးတော့ နံ့ဇရွာကို စပြီးမီးရှို့တာ။ အဓိကကတော့ ၁၂၀ မမတွေ၊ အဲဒီလို မမ တွေအများဆုံးသုံးတယ်။ လက်နက်ကြီးတွေကတော့ လမ်းဟောင်းမှာ တပ်ဆင်ထားတယ်လို့ ပြောပါတယ်။ တပ်ဆင် ပြီးတော့ ရွာထဲတွေကို လျှောက်ပစ်တော့ ပြည်သူတွေလည်း သေတယ်ပေါ့နော်။ အခုလည်း သူတို့ လက်နက်ကြီးနဲ့ ရမ်းသမ်း

ပစ်ခတ်လို့ အားမရတော့တဲ့အဆုံး မနက် ၅ နာရီထိုးကြီး မလင်းတလင်းအချိန်ပေါ့နော်၊ ဝင်လာပြီးတော့ စတင်ပြီး မီးရှို့ပါတယ်။ မီးရှို့တော့ အဲဒီမှာ ကြောက်လန့်တကြားနဲ့ ထွက်ပြေးကြတဲ့သူတွေလည်း ထွက်ပြေးကြတယ်။ အော်ဟစ်ညည်းညူတာတွေလည်း လေတိုက်တဲ့အခြမ်းမှာ လေကနေတဆင့် လေသယ်လာပြီးတော့ ဟိုဘက်ဘေး နည်းနည်း ခပ်လှမ်းလှမ်း ရွာတွေကနေ ကြားရတာပေါ့နော်။ အကုန်လုံးအော်ဟစ်ပြီးတော့ ကြောက်လန့်တကြား ပြေးကြတယ်။ ပြေးပြီးတော့မှ အဲဒီမှာ သူတို့ သုံးယောက်ကို မိသွားတယ်။ အဲဒီသုံးဦးကို ဖမ်းမိပြီးတော့မှ အရှင်လတ်လတ် မီးရှို့သတ်တယ်။ မီးရှို့သတ်တဲ့အချိန်မှာ စောအောင်ဝင်းကြိုင် ကတော့ ထွက်ပြေးလွတ်မြောက်သွားတယ်။ အဲဒီ နှစ်ဦးထဲမှာ စောကီးလူးဆိုတဲ့သူက စိတ်မနှံ့ဘူးလို့ပြောပါတယ်။ အဲဒီလို စိတ်မနှံ့တဲ့ပြည်သူတွေကအစ သူတို့တွေသတ်ဖြတ်ခဲ့တာ။ သူတို့က စစ်ယူနီဖောင်းတွေပါတာ။ သူတို့ စစ်သားစစ်စစ်မဟုတ်ဘဲ ရဲတွေကိုလည်း စစ်ယူနီဖောင်းဝတ်ပေးတာတွေလည်း ပါတယ်။ ပျူစောထီးတွေကိုလည်း သူတို့ စစ်တပ်ယူနီဖောင်းဝတ် ပေးထားတယ်လို့ ကျွန်မတို့ ရဲဘော်တွေက သုံးသပ်ပါတယ်ရှင့်။ ဘာလို့လဲဆိုရင် သူတို့ တိုက်ရည်ခိုက်ရည်ကို ကြည့်ပြီးတော့ အဲဒီလိုမျိုး သုံးသပ်ထားပါတယ်”

*- ကျောက်တံခါးမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦး (ပဲခူးတိုင်း၊ ကျောက်တံခါးမြို့နယ်၊ နံ့ဇကျေးရွာအား ပိန်းဇလုပ်အထိုင် ၂၆၄ တပ်ရင်းပါဝင်သည့် အကြမ်းဖက်စစ်ကောင်စီ ပူးပေါင်းတပ်များက ဝင်ရောက်စီးနင်း မီးရှို့ပြီးနောက် အပြစ်မဲ့ ဒေသခံပြည်သူ နှစ်ဦးအား အရှင်လတ်လတ် မီးရှို့သတ်ဖြတ်မှုနှင့် ပတ်သက်၍ မြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်အား ဆက်သွယ်မေးမြန်းထားခြင်း)*

# ၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း အကြမ်းဖက်စစ်ကောင်စီကျူးလွန်ခဲ့သော မီးရှို့ဖျက်စီးမှုများ

🛑စစ်ကိုင်းတိုင်း
📌မီးရှို့ခံရအကြိမ် = ၅၅ ကြိမ်
🔥မီးလောင်ပျက်စီးနေအိမ် = ၁၇၅၀ လုံး
🔸မီးရှို့သတ်ဖြတ်ခံရသူ = ၉ ဦး
🔸စာသင်ကျောင်း = ၁ ကျောင်း
🔸ဘာသာရေးအဆောက်အဦး = ၁ လုံး
🛑မန္တလေးတိုင်း
📌မီးရှို့ခံရအကြိမ် = ၇ ကြိမ်
🔥မီးလောင်ပျက်စီးနေအိမ် = ၄၄၁ လုံး
🔸မီးရှို့သတ်ဖြတ်ခံရသူ = ၃ ဦး
🛑မကွေးတိုင်း
📌မီးရှို့ခံရအကြိမ် = ၅ ကြိမ်
🔥မီးလောင်ပျက်စီးနေအိမ် = ၃၇၁ လုံး
🛑ကချင်ပြည်နယ်
📌မီးရှို့ခံရအကြိမ် = ၃ ကြိမ်
🔥မီးလောင်ပျက်စီးနေအိမ် = ၉၇ လုံး
🛑ပဲခူးတိုင်း
📌မီးရှို့ခံရအကြိမ် = ၉ ကြိမ်
🔥မီးလောင်ပျက်စီးနေအိမ် = ၆၃ လုံး
🔸မီးရှို့သတ်ဖြတ်ခံရသူ = ၃ ဦး
🛑တနင်္သာရီတိုင်း
📌မီးရှို့ခံရအကြိမ် = ၅ ကြိမ်
🔥မီးလောင်ပျက်စီးနေအိမ် = ၁၅ လုံး
🛑ကရင်ပြည်နယ်
📌မီးရှို့ခံရအကြိမ် = ၁ ကြိမ်
🔥မီးလောင်ပျက်စီးနေအိမ် = ၄ လုံး

*မှတ်ချက်။ ။ ယခုဖော်ပြသောအချက်အလက်များထက် မြေပြင်တွင် စစ်ကောင်စီ ၏ အကြမ်းဖက်မှုမှာပို၍ များပြား နိုင်ပါသည်။*

**Fire Service Department MOHAI-NUG**

# စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

## ၃,၈၅၇

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် စစ်တပ်အာဏာလုမှုဖြစ်စဉ်အား ဆန့်ကျင်မှုကြောင့် ဖြစ်တည်လာသည့် နွေဦးတော်လှန်ရေး ကာလအတွင်း ဒီမိုကရေစီရေးလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၃,၈၅၇ ဦး သေဆုံးခဲ့သည်။

## ၂၄,၁၂၃

အကြမ်းဖက်စစ်တပ်က အာဏာသိမ်းသည့်အချိန်မှ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်အထိ နိုင်ငံရေး တက်ကြွလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၂၄,၁၂၃ ဦးအား ထိန်းသိမ်းခဲ့ပြီး ၁၉,၇၃၃ ဦးမှာ ဆက်လက်ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။ ယင်းအနက် ၆,၉၈၈ ဦးကို စစ်ကောင်စီလက်အောက်ခံ တရားရုံးများက မတရားပုဒ်မ မျိုးစုံဖြင့် ထောင်ဒဏ် ချမှတ်ထားသည်။

## ၁၅၈ - ၄၃

စစ်အာဏာသိမ်းမှု ဆန့်ကျင်သည့် နွေဦးတော်လှန်ရေးနှင့် ဆက်စပ်သည်ဟု စွပ်စွဲကာ စစ်ကောင်စီက သေဒဏ်ပေးသူပေါင်း ၁၅၈ ဦးအထိ ရှိလာပြီ ဖြစ်သည်။ ယင်းအနက် မျက်ကွယ်ဒေဒဏ်ချခံရသူပေါင်း ၄၃ ဦး ပါဝင်ကာ ၁၁၉ ဦးမှာ နိုင်ငံတစ်ဝန်း အကျဉ်းထောင်များ၌ ဆက်လက်ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။

## ၈၁,၈၉၉ – ၃၀ ရာခိုင်နှုန်း

အကြမ်းဖက်စစ်အုပ်စုက အာဏာလုယက်မှု စတင်ပြီး ၂ နှစ်ကျော် ကာလအတွင်း ဘာသာရေး၊ ကျန်းမာရေးအဆောက်အအုံများအပါအဝင်နေအိမ်အဆောက်အအုံပေါင်း ၈၁,၈၉၉ လုံးထက်မနည်း မီးရှို့ဖျက်ဆီးခဲ့သည်။ အဆိုပါ ပမာဏ၏ ၃၀ ရာခိုင်နှုန်းဖြစ်သော ၂၄,၁၃၈ လုံးထက်မနည်းမှာ ၂၀၂၃ ခုနှစ် ပထမ ခြောက်လအတွင်း မီးရှို့ဖျက်ဆီးခံရခြင်း ဖြစ်သည်။

## စစ်ကိုင်း - ၇၀ ရာခိုင်နှုန်း

အကြမ်းဖက်စစ်တပ် လက်အောက်ခံ တပ်ဖွဲ့များ၏ နိုင်ငံအနှံ့ မီးရှို့ဖျက်ဆီးမှုများ၏ ၇၀ ရာခိုင်နှုန်းကျော်မှာ စစ်ကိုင်းတိုင်းဒေသကြီး၌ ဖြစ်သည်။ မီးရှို့ဖျက်ဆီးမှုပေါင်း ၈၂,၀၀၀ နီးပါးအနက် ၅၈,၂၂၅ လုံးထက်မနည်း မီးရှို့ဖျက်ဆီးခံရခြင်းဖြစ်သည်။ မကွေးတိုင်း၌ ဒုတိယအများဆုံးဖြစ်ကာ နေအိမ်၊ အဆောက်အအုံ ၁၂,၅၅၀ ထက်မနည်းနှင့် တတိယအများဆုံးမှာ ကရင်ပြည်နယ်ဖြစ်ပြီး ၂,၁၆၁ လုံးထက်မနည်း မီးရှို့ဖျက်ဆီးခံခဲ့ရသည်။

**ကိုးကား - AAPP , ISP Myammar**

